

စိုးမိုး စာပေ
(လုံးချင်းဝတ္ထုသစ်)
ရင်မြှတ်နိုး
အငြိုးမဲ့တေး
L လင်း

# အခန်း (၁)

"သမီးက အသည်းထက် ပိုတော်ရမယ်၊ ပိုတတ်ရမယ်၊ ပိုပြီး သာရမယ်၊ အို ပိုဦးချင်လို့ သမီးကို အသည်းထက် ငါးနှစ်တိတိ စောပြီး မေမေ မွေးခဲ့တာ"

မေမေ့စကားသံတွေကို နီးနီးလေးမှာ ကြားနေရသည် ။ မေမေ့အသံမှန်းသိလျက်နှင့် ခေါင်းကို ဟိုဟိုဒီဒီ ယမ်းပြီး ရှာသည် ။ မေမေ့ကို မတွေ့ရ။ မေမေ ဘယ်ရောက်နေပါလိမ့်။ ရှာရင်းက မျက်စိထဲ ဝင်လာတဲ့ မြင်ကွင်းက မထော်မနန်း။ ခြံထဲက မြက်ခင်းစိမ်းစိမ်းပေါ် အသည်းက ဂါဝန်ဖြူဆွတ် ဆွတ်ကလေးနှင့် ထိုင်နေသည် ။ ရုတ်တရက် ကြည့်လိုက်လျှင် အစိမ်းရောင် မြကော်ဇောကြီးပေါ် အဖြူရောင် ဂွမ်းတစ်စ ချထားသလို။ အသည်းက ဖြူဖြူအိအိ ထွေးထွေးလေး။ ကြည့်နေရင်းက အသည်း ပျောက်သွား၏။ ဟွန်း . . . ပျောက်မှာ ပေါ့။ အသည်းနား ဝိုင်းပတ်ထိုင်ချတာက ဦးဦးကျော်။ နောက် တီတီ။ပြီးတော့ ဘိုးဘိုးနဲ့ ဘွားဘွား။ ဦးဦးကျော်က အသည်းကို ချိုင်းနှစ်ဖက်က စွေ့ခနဲ မချီကာ လက်ဆန့်မြှောက်ပြီး မြူနေ၏။ အသည်းရဲ့ ခိုးခိုးခစ်ခစ်ရယ်သံက တစ်ခြံလုံးကို ပျံ့နှံ့ သွား၏။

"ဟင့်အင်း . . . ငါ သိမ်ငယ်စရာမလိုဘူး၊ မလိုဘူး၊ မေမေ ပြောထားသားပဲ၊ ငါကလည်း မြမဟာစံအိမ်ရဲ့ မြေး"

"ဟုတ်တယ် သမီး၊ ဒီအိမ်ကြီးကို မေမေလည်း တစ်ဝက်ပိုင်တယ်"

အ တွေးထဲမှာ မပြုံးမရယ် ရှိတတ်သော မေမေ့မျက်နှာက ထင်ထင်ရှားရှား ပေါ်လာသည် ။ ဒိုင်ယာနာဆံပင် တိုတိုကပ်ကပ်ကို အ ထပ်ထပ်ဖြစ်အောင် ညှပ်ထားတဲ့ မေမေ့မျက်နှာသွယ်သွယ်ဟာ အစဉ်သဖြင့် တည်တင်းနေတတ်သည် ။ နှုတ်ခမ်းပါးတွေဟာ မျဉ်းဖြော င့်တစ်ကြောင်းလို တစ်တန်း တည်း စေ့ပိတ်နေ၏။ အရောင်တဖျတ်ဖျ တ် ထွက်နေတဲ့ မျက်ဝန်းတွေကြောင့် မေမေ့မျက်နှာဟာ စူးရဲတောက်ပ နေတတ်သလို အဲဒီရုပ်ရည်ကြောင့်ပဲ မေမေ့ကို တွေ့တဲ့ လူတိုင်းက မှတ် ချက်ပေးတတ် စမြဲ။ မြနဒီက ထင်ရာစိုင်းမဲ့ရုပ်တဲ့ လေ။ မှန်းသမျှလည်း မှန်နေသဖြင့် မေမေကလည်း မငြင်းပါ။

“ဟုတ်တယ်၊ လူရယ်လို့ ဖြစ်လာမှ ပဲ ကိုယ့်အတ္တကိုယ် ရှေ့တန်းတင်ပြီး ထင်ရာစိုင်းမှ လူဖြစ်ရ ကျိုးနပ်မှာ ၊ လောကမှာ အရေး အကြီးဆုံးက ကိုယ်၊ ဒုတိယအရေးအကြီးဆုံးက ကိုယ့်ဆန္ဒ၊ တတိယအ ရေးအကြီးဆုံးက ကိုယ့်ဘဝ”

ကြွေးကြော်သမျှလည်း ဖြစ်အောင်လုပ်ခဲ့သူ။ ထို့ကြောင့် ကိုယ့်ဘဝနဲ့ ကိုယ် ပြည့်စုံခဲ့တာချည်းပင်။ ဒါပေမဲ့ မေမေ့သမီးဖြစ်တဲ့ ခင့်အလှည့်ကျ တော့ . . .

“အသည်းလေးရေ”

ခေါ်သံက နားထဲ စူးရှစွာ တိုးဝင်လာသည် ။ ကိုယ့်ကို မခေါ်မှန်း သိ လျက်နဲ့ စိတ်က ဥပေက္ခာ ပြုမထားနိုင်။ ခေါ်သံလာရာဆီ ချာခနဲ လှည့်ကြည့်သည် ။ အဖေအမေ အဘိုးအဘွားတွေ အလယ်မှာ အသည်း။

“အသည်းလေး မွေးပြီးမှ ဒီအိမ်မှာ စီးပွားတက်လာတာလေ”

အိမ်ကို ဧည့်သည် လာတိုင်း တီတီ့အသံက မကြားမနေရကဏ္ဍမှာ ပါဝင်သည် ။ အဘွားကဆို ပြုံးပြုံးကြီးဖြင့် . . .

“အဲဒါကြောင့် ပြောတာ၊ ကလေးဆိုတာ သူ့အထုပ်အခံ သူပိုက်လာတာပါဆိုမှ ၊ မြေး ကိုယ်ဝန် ရှိတုန်းကလေ တီတီမက်တဲ့ အိပ်မက်က လက်ကောက်ဝတ်ရသတဲ့ ၊ အဲဒါချည်း ထပ်တလဲလဲ မက်တာ၊ အိမ်မက်ကျမ်းထဲမှာ လက်ကောက်ဝတ်ရရင် သားကောင်းသမီးကောင်း ရသတဲ့ ၊ အသည်းလေး ကိုယ်ဝန်ရင့်လာတော့လေ ခြံရှေ့မှာ ဩဇာပင်တစ်ပင်၊ ဘယ်သူမှ မျိုးမချဘဲ ပေါက်လာတာ၊ မသီးတာ ကြာတဲ့ မာလကာပင်ကလည်း အသီးတွေ ပြွတ်ခဲနေခဲ့တာ၊ အသည်းလေးက သူ့အတိတ် သူ့နိမိတ်နဲ့ လာတာ၊ ကလေးမွေးပြီး ဇာတာဖွဲ့တော့ ဘုန်းဘုန်း က မိန့်တာလေ၊ ကြီးပွားမဲ့ကလေး၊ ဩဇာအာဏာနဲ့ ပြည့်စုံမဲ့ကလေးတဲ့ ”

ဧည့်သည် တိုင်းကလည်း တထူးတဆန်းနဲ့ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ကာ အဘွားရဲ့ လေကြောမှာ မျောလို့ ။ ပြီးတော့ အိပ်နေတဲ့ ကလေးကို ကြည့်ရဲ့ ။ တကယ့် အံ့ဖွယ်သုတတစ်ခုလို။ ခင်ကတော့ အဲဒီမြင်ကွင်းတွေ မြင်တိုင်း နှာခေါင်းရှုံ့ မျက်နှာလွှဲရတာ အခါခါ။ ဩဇာပင်ပေါက်၊ မာလကာသီး သီးတာနဲ့ များ ဩဇာအာဏာ ရှိမတဲ့ လား။ မေမေကဆို . . .

“အဲဒါ စိုက်ပျိုးရေးသမဖြစ်ဖို့ နိမိတ်ပြတာ၊ ဘာဩဇာမှ မရှိဘူး”

တဲ့ လေ။ ဒါလည်း ဖြစ်နိုင်တာပဲ။ ခင့်တုန်းက မေမေမက်သော အိပ်မက်ကို ကြားခဲ့ရဖူးသည် ။

“သမီးတုန်းကမှ မေမေက ဆင်ဖြူတော်ကြီးစီးပြီး တိုင်းခန်းလှည့်လည်နေခဲ့တာတဲ့ ၊ ဘုရင်မ တစ်ပါးလိုလေ၊ ဆင်ဖြူတော်ရတဲ့ ဘုရင်ဆို အရမ်း ဘုန်းတန်ခိုးကြီးတာတဲ့ ၊ မေမေ့သမီး ခင်က ဆင်ဖြူကို သန္ဓေတည်ကတည်းက စီးခဲ့ရတာ၊ ဘယ်လောက် မြင့်မြတ်မလဲဆိုတာ တွေးကြည့်တော့”

တဲ့ လေ။ အဲဒီစကားတွေကို ခင်က ငယ်ကတည်းက နားရည်ဝခဲ့တာ ။ ထို့ကြောင့်လည်း ခင့် ကိုယ့်ခင် ဘုန်းကံကြီးမားတဲ့ သူရယ်လို့ သတ်မှတ်ခဲ့တာ။ အခု ခင့်ဘဝက။ အတွေးတွေ စိတ်ထဲ ဖျတ်ခနဲ ငြိမ်သက်သွားသည် ။ အမှတ်မထင် လက်ထဲက စုစုလုံးလုံး အရာတစ်ခုကို ခင် ငုံ့ကြည့်မိသည် ။

“ဟင်”

ခင့်လက်ထဲမှာ အဖြူရောင် အနှီးထွေးကြီးတစ်ခု။ အထဲမှာ အညစ်အကြေးတွေက ပေနေ သည် ။ ရွံရှာစွာ ခင်က ထိုအနှီးထွေးကြီးအား ပစ်ချလိုက်သည် ။

“အား . . . အူဝဲ . . . အူဝဲ”

ခင် ပစ်ချလိုက်သော အနှီးထုပ်ကြီးက ကြမ်းပြင်နှင့် ဘုန်းခနဲထိသွားပြီးမှ ကလေးငိုသံ ထွက်ပေါ်လာသည် ။ အနှီးထွေးဖြူဖြူထဲမှာ နီတာရဲ ကလေးငယ်လေး။ ခင်က ထိတ်လန့်တကြား ငုံ့ ကြည့်သည် ။ ယက်ကန်ကန်နဲ့ ငိုနေသူက အသည်း။ ခင် လန့်သွားသည် ။

“အသည်း”

ထိတ်လန့်စွာ အော်ခေါ်သည် ။ ဘုရားရေ ခင် ပစ်ချလိုက်တာ အသည်းလား။ အို . . . မဟုတ် ပါဘူး။ ခင် ပစ်ချတာ အညစ်အကြေးတွေ ပေစွန်းနေတဲ့ အနှီးထုပ်ပါ။

“အသည်း . . . အသည်းလေး”

“ကျွတ်ကျွတ်စီ ငိုနေတဲ့ ကလေးနီတာရဲအား ခင်က ပွေ့ချီရန် ဟန်အပြင် . . .

“ခင် . . . ခက် . . . ထန်”

မိုးခြိမ်းသံအလား ကျယ်လောင်စူးရှတဲ့ အသံနဲ့ ။ ခင် ဖျတ်ခနဲ နောက်လှည့်အကြည့် . . . .။

*

## အခန်း (၂)

"တီ . . . တီ"

ကြောက်လန့်တကြား အော်သည် ။ ဝုန်းခနဲ ထထိုင်၏။ နားထဲမှာ အခုထိ ဆူညံစွာ ကြားရ တာက ကလေးငိုသံ မဟုတ်တော့။ စူးရှစွာ အော်မြည်နေသည့် ဖုန်းသံ။ ခင်က ခါးအောက်ပိုင်း၌ လွှမ်းခြုံထားသည့် ဂွမ်းစောင်ကြီးကို တွန်းကန်ထုတ်ပစ်သည် ။ ခုတင်ပေါ်က ဆင်းသည့်အထိ လူတစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေဆဲ။ ချွေးတို့ က ရွှဲနစ်နေပြီး နားထဲ၌ အသည်းရဲ့ အော်ငိုသံ။ တီတီ ရဲ့ အသံနက်ကြီးတွေက စိုးမိုးဆဲ။

"ကလင် . . . ကလင်"

မရပ်မနား ဆူညံနေတဲ့ ဖုန်းသံကို အခုမှ ပြန်သတိရသည် ။ ဖရိုဖရဲ ဖြစ်နေတဲ့ ကျောလယ်ရှိ ဆံပင်တွေကို ပခုံးတစ်ဖက်ဆီ ဆွဲယူသိမ်းရင်း ဧည့်ခန်းဆီ ပြေးထွက်လာခဲ့သည် ။ သူမ ပြေးလွှားရ တာကို မသိသော ဖုန်းကတော့ တာဝန်ကျေစွာ အော်သံပေးမြဲ။

"အခုမှ ငါးနာရီခွဲ၊ မိုးတောင် မလင်းသေးဘူး၊ ဘယ်သူပါလိမ့်"

နှုတ်က ရေရွတ်သံလည်း အဆုံး ဖုန်းကို ကောက်ယူ နားထောင်မိတာက ကွက်တိ။

"ဟဲလို"

"မကြီး"

နူးညံ့ချိုသာတဲ့ ခေါ်သံ။ ခင့်နားထဲတော့ ဗုံးတစ်လုံး နီးနီးလေး ကပ်ပေါက်ကွဲသွားသလို တစ်ကိုယ်လုံး ဆတ်ခနဲ မတ်သွားပြီးမှ အလိုမကျသလို မျက်ခုံးနှစ်ခုကို စုကျုံ့ပစ်ရင်း . . .

"ဒါ . . . ဘာလုပ်တာလဲ အသည်း၊ ဒီလောက် အစောကြီးကို၊ ဒီအချိန် လူကြီးတွေ အိပ်နေ တုန်း ဆိုတာ နင် နားမလည်ဘူးလား"

စိတ်တိုတိုနှင့် ပိတ်ဟောက်သည် ။ ကိုယ့်မှာ ကိုင်ရတာ အပြေးအလွှား။ ပြီးတော့ အခုလေး တင် အိပ်မက်ထဲမှာ သင်းကြောင့် ထိတ်လန့်သည်းဖို ဖြစ်ပြီးပြီ။ ခင်က မပြယ်သော ဒေါသကြောင့် မျက်နှာက နီမြန်းမြန်း ဖြစ်လာ၏။ သင်းက မြမဟာစံအိမ်ရဲ့ ဘာပဲဖြစ်ဖြစ် လက်တွေ့မှာ ခင်က အသည်းထက် ဝါသမ္ဘာအရ ပိုကြီးတဲ့ သူ။

"ဆောရီးပါ မကြီးရဲ့ ၊ အသည်းလေ ကျောင်းမသွားခင် အိမ်ကို အရမ်းသတိရတာနဲ့ ဖုန်းလှမ်း ဆက်တာ"

"အေး . . . နင်က အဲဒီတစ်ခွန်းနဲ့ လူကြီးတွေကို အရည်ဖျော်နေတာ၊ ဒီမှာ အားတဲ့ လူ တစ်ယောက်မှ မရှိဘူးဟဲ့၊ ဘိုးဘိုးနဲ့ ဘွားဘွားက အသက် ခုနစ်ဆယ်ကျော်ပြီ၊ လူကြီးတွေ အိပ်ရေးပျက်ခံလို့ မရတာ နင်အသိ၊ ဟွန်း . . . နင့်အဖေနဲ့ အမေကလည်း နင် အဲဒီမှာ ကောင်းကောင်း နေကောင်းကောင်း စားရဖို့ အတွက် အလုပ်တွေ ကုန်းရုန်းလုပ်နေရတာ၊ ညဆို မိုးချုပ်မှ ပြန်ရောက်၊ မနက်ဆို အစောကြီးသွားရနဲ့ အားချိန်မရှိတာကို နင်မို့လို့ စောစောစီးစီး ဖုန်းခေါ်သံနဲ့ နှိပ်စက်ချင်နေတာ၊ သိတတ်မှုကို တစ်စက်မှ မရှိဘူး"

"မကြီးနဲ့ တော့ အနည်းဆုံး တွေ့ရတာပဲကို"

"ငါလည်း မအားဘူး၊ အိပ်ရေးပျက်တယ်"

"မကြီးကလည်း အသည်းလေ ညညဆို အိပ်လို့ မပျော်ဘူး၊ အသည်းတို့ အခန်းထဲမှာ ဆို မကြီးနဲ့ အသည်းခုတင်က ဘေးချင်းကပ်ရက် ချထားတာလေ၊ အိပ်မက်ဆိုးပဲ မက်မက်၊ အိပ် မပျော်ရင်ဘဲဖြစ်ဖြစ် မကြီးခုတင်ကို အသည်းလာလို့ ရတယ်၊ ဒီမှာ ကျတော့"

"အဲဒါ ဘာဖြစ်လဲ"

ဆောင့်ခနဲ အော်တာကြောင့် ဖုန်းကို နားနားကပ်ထားတဲ့ အသည်းနားတွေ အူထွက်သွား သည် ။ လန့်ပြီး ဖုန်းကို နားကခွာကာ အံ့သြသလိုဖုန်းခွက်ကို ပြန်ကြည့်သည် ။ မကြီး ဘာတွေ စိတ်တိုနေပါလိမ့်။ တွေးရင်း ဘယ်တုန်းကရော စိတ်ရှည်ဖူးလို့ လဲလို့ ကိုယ့်ကိုယ်ကို ပြန်ဖြေကာ ဟက်ဟက်ပက်ပက် ရယ်ချင်လာ၏။ အသည်းက အဲဒီလိုလူစား။ သူများအပေါ် အပြစ်မမြင်ဘဲ ကြံဖန်ပြီး ဖြေသိမ့်ပေးတတ်လို့ လေ။ ထို့ကြောင့်လည်း အသည်းက . . .

"မကြီးကလဲ"

ချွဲနွဲ့စွာ ခေါ်ကြည့်သည် ။

"လာနွဲ့မနေနဲ့ သည်းလှာရုံ၊ အဲဒီမှာ ကျောင်းတက်ဖို့ နင်ရွေးခဲ့တာ၊ ကဲ ဒါပဲ"

"အာ . . . နေပါဦး"

"ဘာလဲ"

"မေမေ့ကို ခေါ်ပေးပါ မကြီးရယ်နော်"

ခင်က နှုတ်ခမ်းထောင့်စွန်းကို ကွေးညွတ်သွားအောင် မဲ့ခနဲ ပြုံးရင်း မျက်ဝန်းတွေက တစ်ဆက်တည်း အေးစက်သွားသည် ။ မျက်နှာပေါ်က ဘာကောက်ကြောင်းမှ ရှာဖွေမရအောင် တင်းမာသွားတာများ ကျောက်

စိုင်ကျောက်သားအလား။ ပြီးမှ သံပြတ်နှင့် တစ်ခွန်းတည်း ဆို၏။

"မခေါ်ပေးဘူး"

"မကြီး . . . မလုပ်ပါနဲ့ ၊ အသည်း မေမေ့ကို လွမ်းလို့ ပါ၊ ခေါ်ပေးပါ မကြီးရဲ့ ၊ စကား နည်းနည်းပဲ ပြောမှာ "

ဟိုဘက်က အော်သံပြောသံ သဲ့သဲ့ကြားသည် ။ ခင်က ဖုန်းကို နားမှ ခွာပေမဲ့ မချပစ်သေးဘဲ နှုတ်ခမ်းနားကပ်ကာ . . .

"လွမ်းတယ်ဆိုတာ ခံစားမှု တိုက်ဆိုင်မှ ရတဲ့ အရသာမျိုးဟ၊ လိုတရ နေတဲ့ နင့်ဘဝမှာ အလွမ်းဆိုတာ ဘာမှန်းမသိမှာ စိုးလို့ ငါ သင်ပေးတာ မှတ်ထား"

ပြောပြီးမှ ဖုန်းချရုံမက ပလပ်ပါ ဆွဲဖြုတ်ထား၏။ ဖုန်းစင်ဘေးနားမှာ ထိုင်ပြီး ရယ်မိတာ အူလှိုက်သည်းလှိုက်။ ဘဝဆိုတာ နင် ထင်ထားသလောက် မချောမွေ့ဘူး။ အဆင်သင့် ဖြစ်မနေဘူး သည်းလှသာရုံလို့ ရေရွတ်ရင်း အနိုင်ရသူ၏ ပီတိကို တစိမ့်စိမ့် စားသုံးနေမိသူက ခင်။

သေချာသည် ။ ဒီနေ့အတွက်တော့ ခင်နှင့် အနီးပတ်ဝန်းကျင်တဝိုက် သာယာမည်။ ဘဝ ဆိုတာ နာကျင်စရာပြီးရင် သာယာစရာ လာတတ်တာပဲလေ။

*

# အခန်း (၃)

"အသည်းလေးရယ် . . . နေကောင်းရဲ့လား၊ မေမေလား ကောင်းပါတယ်၊ ကောင်းတယ်၊ ဒီကို မပူနဲ့ ၊ ဘွားဘွားလား၊ ကောင်းပါ့တော်"

ဝတီက တစ်ဖက်က သမီးဖြစ်သူရဲ့ အမေးကို ဖြေရင်း မေမေ့ကို လှမ်းကြည့်သည် ။ မေမေ့မှာ မြေးမငယ်ဆီက ဖုန်းလာတယ်ဆိုတာနှင့် ကြည့်နေကြ ကိုရီးယားကားလည်း မကြည့်နိုင်။ ထမင်း စားပြီး အချိုတည်းနေတဲ့ သစ်သီးစုံပန်းကန်ကိုလည်း ပစ်ကာ ဖုန်းဘေးနား လာထိုင်ရတဲ့ အထိ။ အသည်းလေးထံမှ ဖုန်း လာပြီဆိုရင် အိမ်ရှိ လူကုန်ဟာ ဒီဖုန်းစင်နားမှာ ဝိုင်းဝိုင်းကို လည်ရောပဲ။ ဖုန်းစပီကာဖွင့်ကာ တစ်ယောက်တစ်ပေါက် ပြောချင်တာ မှာ ချင်တာတွေကို အလုအယက်မှာ ကြတာ ထုံးစံ။ အင်တာနက်ခေတ်တို့ ၊ ဂလိုဘယ်လိုက်ဇေးရှင်းတို့ ၊ ကမ္ဘာကို ရွာကြီးတစ်ရွာတို့ လူအများက ပြောနေကြတာ။ ဝတီတို့ ကတော့ ခေတ်နောက်ကျတယ်ပဲဆိုဆို နိုင်ငံရပ်ခြားရောက်နေတဲ့ သမီးနဲ့ ဖုန်းထဲစကားပြောရတာကိုပဲ အားပါးတရရှိလှသည် ။ သမီးအဖေ ကိုမိုး လုပ်ပေး၍ သာ VZO တွေ ဘာတွေ ပြောဖြစ်တာပါ။ အခုလည်း ဖုန်းနားမှာ ဖေဖေနဲ့ မေမေနဲ့ ဝတီက စပီကာကြီးဖွင့်ကာ အော်ကြီးဟစ်ကျယ် ပြောဖို့ ဟန်ပြင်ကြပြီ။ ကိုမိုးတစ်ယောက်သာ ဝတီတို့ သုံးယောက်၏ ကဲကဲလှုပ် နေပုံကို လှောင်ပြောင်ချင်ဟန်နှင့် ပြုံးစိစိ။

"ဘွားဘွား"

စပီကာထဲမှ အသည်းလေးရဲ့ တိုးညက်ညက်အသံကြောင့် ဘွားအေကြီးရဲ့ မျက်နှာက ပြုံးကျ သွား၏။

“မြေးအသည်းလေး”

“အသည်းကို သတိမရဘူးလားဟင်”

“အောင်မယ်လေး . . . မေးရက်တယ် မြေးရယ်၊ သတိရပ့ါတော်၊ ဘွားဘွားဖြင့် လွမ်းလွန်းလို့ တီတီ့ကို မှာ ထားရတယ်၊ ဒီရက်တွေမှာ မြေးကြိုက်တဲ့ ဟင်းတွေ မချက်ပါနဲ့ လို့ ”

“ဟင် . . . ဘာဖြစ်လို့ လဲ”

“ဟဲ့ . . . ဘာဖြစ်ရမှာ လဲ၊ မြေးအကြိုက်တွေ တွေ့တော့ မြေးကို ပိုသတိရတာပေ့ါ”

“ဒါဆို ဒီရက် အိမ်မှာ ဟင်းဘယ်ကောင်းပ့ါမလဲ၊ အသည်းက ခြေလေးချောင်းသားရော၊ ခြေ နှစ်ချောင်းသား၊ နောက်ပြီး ပုစွန်နဲ့ ငါးသလောက်ပါကြိုက်တော့ ဘွားဘွား စားစရာဆိုလို့ ”

“ကြက်ဥ၊ ဘဲဥနဲ့ ဝက်အူချောင်း ကျန်ပါသေးတယ်တော်”

ဘွားအေက ပြောသည် ။ မြေးက ရယ်သည် ။ ထိုအသံတွေကို ကြည်နူးစွာ ခံစားရင်း တီတီက ခင့်ကို သတိရသွား၏။ ဟုတ်သားပဲ။ ခင် ဘယ်ရောက်နေလဲ။ ဝေ့ခနဲ ဧည့်ခန်းတစ်ပြင်လုံး လိုက်ရှာ မိတော့ ဟော . . . တွေ့ပြီ။ ဧည့်ခန်းထောင့်မှာ နေကြာစေ့ ခွာစားရင်း ကိုရီးယားကား ကြည့်နေတဲ့ ခင်။ ခင့်ကိုလည်း တီတီဟာ သမီးနဲ့ မခြား ချစ်ခင်ဂရုစိုက်ခဲ့တာ။ အေးလေ . . . ဝမ်းနဲ့ သာ မလွယ်ရ တာ ခင်ကလည်း တီတီ့သမီးပဲဥစ္စာ။ တီဗီကို အာရုံစိုက်ကြည့်နေတဲ့ ခင့်ကို ချစ်စနိုးနဲ့ ငေးနေမိသည် ။ ခင်ဟာ အနေအထိုင်၊ အပြုအမူအားလုံးဟာ သိမ်မွေ့လွန်းလှသည် ။

အပြောအဆိုလေး ဖောက်တာက လွဲရင်။ ဒါကြောင့် မေမေက ပြောတာ . . .

“မောက်မာတာ ကလေးအပြစ် မဟုတ်ဘူး ၊ အဲဒါ နာမည်စီးတာ၊ ခင်ခက်ထန်တဲ့ ၊ မောက်မာ တာ ဆန်းသလား”

တဲ့ လေ။ မေမေက မြေးချင်းအတူတူတောင် အသည်းလေးအပေါ် အချစ်ပိုတယ်လို့ တရားဝင် ကြေငြာထားသူ။ ဖေဖေကတော့ လူကြီးပီပီ သမာသမတ်စိတ်ထားဖို့ ပြောတော့ . . .

“တစ်မိုးအောက်ထဲမှာ အတူတူ တွေ့မြင်လာရတာလေ၊ အသည်းလေးက သူ့အမေဗိုက်ထဲက ထွက်ကတည်းက ကျုပ်ရင်ခွင်ပိုက်လာရတဲ့ ကလေး”

ဆိုပြီး စကားနာထိုးတတ်ပါသည် ။ ဖေဖေကလည်း တရားသာ ချတာ တကယ်တမ်း အသည်းလေး နိုင်ငံခြားမှာ ကျောင်းသွားတက်မယ် ဆိုတော့ မျက်ရည်တစမ်းစမ်းနှင့် သူ့အခန်းထဲ ခေါ်ကာ မှာ တမ်းခြွေတာ ညလုံးပေါက်ပင်။ အခုဖုန်းလာတာနှင့် အနားရောက်နေပြီ။ မေမေ့အလှည့် ပြီးတာနှင့် သူ့ပြောအလှည့်လို့ မှတ်ယူထားတဲ့ ဖေဖေဟာ ဖုန်းစပီကာနား ခါးကိုင်းပြီး . . . .

“မြေး”

“ဘိုးဘိုး”

“အေး . . . အေး တခြားလူတွေလို အရည်မရ အဖတ်မရတွေ မပြောဘူးဟေ့၊ ငါ့မြေး ရတနာ သုံးပါး မမေ့နဲ့ ၊ ကျန်းမာရေး ဂရုစိုက်၊ မတည့်တာတွေ မစားနဲ့ ၊ ညည့်နက်တဲ့ အထိ စာမကြည့် နဲ့ ၊ ကြားလား”

“ဟုတ် . . . ဘိုးဘိုး၊ ဘိုးဘိုးလည်း မနက်စောစော လမ်းလျှောက်ထွ

က်ရင် အသည်းထိုးပေး ခဲ့တဲ့ မာဖ လာလေး ပတ်သွားနော် ဘိုးဘိုး”

“အေးပါ မြေးရယ်၊ ကဲ မြေးမေမေနဲ့ ပြောလိုက်ဦး”

အဲဒါ ဘိုးဘိုးရဲ့ အလိုက်သိမှု။ ဖုန်းနားက ခွာတာနှင့် ဘွားဘွားကိုပါ လက်တို့ ခေါ်သွားမည် ဆိုတာ အသည်း ခန့်မှန်း၍ ရသည် ။ ဘွားဘွားကတော့ ပြောစရာတွေ တစ်ပုံတစ်ပင်ကြီးနှင့် စကား ဖြတ်လိုက်ရသဖြင့် စူပုပ်နေမှာ အသေအချာ။ အသည်းက နေပြည်တော်ရှိ မြမဟာစံအိမ်မိသားစုတွေ အကြောင်း တွေးရင်းက . . .

“မေမေ”

“ပြော . . . သမီး၊ ဘာမှာ ချင်လို့ လဲ၊ ဖေဖေ့ကုမ္ပဏီက ရှေ့လထဲ အဲဒီကုမ္ပဏီဆီ လူလွှတ်ဖို့ ရှိတယ်၊ လူကြုံထည့်ပေးလို့ ရတယ်လေ၊ သမီး စားချင်တာမှာ ”

“ဒီမှာ လည်း တချို့ ဝယ်လို့ ရပါတယ် မေမေရဲ့ ”

“အေးလေ . . . ဝယ်စားလို့ ရမှန်းတော့ သိတာပေ့ါ။ ဒါပေမဲ့ ရယ်ဒီမိတ်တွေချည်း ဖြစ်နေမှာ စိုးလို့ ၊ မေမေလုပ်ပေးတော့ အိမ်လက်ရာပေ့ါ သမီးရယ်”

“ဟုတ် . . . ဒါဆိုလည်း လက်ဖက်ပဲ နှပ်ပေးပါ မေမေရာ၊ နော်”

“ဟယ် . . . လက်ဖက်တစ်မျိုးတည်းလား”

“အသည်းတစ်ယောက်တည်း စားဖို့ အများကြီး မလုပ်ပါနဲ့ ၊ မေမေ ပင်ပန်းမှာ စိုးလို့ ”

“အမယ်လေး . . . မေမေ့မှာ ဒီသမီးတစ်ယောက်တည်း ရှိတာ၊ သမီးအတွက် မပင်ပန်းလို့ ဘယ်သူ့အတွက် အပင်ပန်းခံရမှာ လဲ အသည်း

လေးရဲ့ ”

အဲဒီလိုစကား ကြားရတဲ့ အခါ အသည်းဟာ ပခုံးနှစ်ဖက်ကြား ဇက်ကလေး ပုဝင်သွားတဲ့ အထိ ငြိမ်သွားသည် ။ အနားမှာ မကြီးရှိနေရင် အားနာစရာလို့ တစ်ဆက်တည်း တွေးမိသေးသည် ။ မေမေ လည်း မကြီးကို ချစ်တာ အသည်း သိပါသည် ။ ဒါပေမဲ့ မိဘမဲ့ မကြီးရဲ့ ရှေ့မှာ အသည်းတို့ သားအမိရဲ့ အပြန်အလှန် ချစ်ခြင်းမေတ္တာတွေ သိပ်အများကြီး ဖော်ပြရန် မလိုအပ်ဘူးထင်သည် ။

“မေမေ . . . မကြီးရော”

“ရှိတယ် အသည်းလေး၊ စကားပြောချင်လို့ လား၊ မကြီးက ကိုရီးယားကား ကြည့်နေတယ်”

ဝတီက ခင့်ထံ လှမ်းကြည့်ရင်း အသည်းလေးကို အကြောင်းပြန်လိုက်သည် ။ ခင်ကတော့ ကိုရီးယားကားထဲမှာ ပဲ အကြည့်ရော အကြားရော အာရုံအားလုံး စုပုံလွှတ်ထားသူလို ဘေး ပတ်ဝန်း ကျင်ကို မေ့လျော့လို့ ။ အနားမှာ ဖုံးတစ်လုံး ကျကွဲတောင် ယောင်လို့ လှည့်ကြည့်မဲ့သူ မဟုတ်။ ခင်က အဲဒီလို လူစား။ စိုက်မိစိုက်ရာကိုသာ အာရုံထားတတ်သူ။

“ကြည့်ပါစေ . . . အသည်း မခေါ်တော့ဘူး၊ ဒါဆို အသည်းနဲ့ မေမေလည်း နှုတ်ဆက်မယ် နော်၊ ဖုန်းကဒ်က ကုန်ခါနီးပြီ သိလား၊ တစ်အိမ်လုံး ကျန်းမာပါစေ၊ ပြီးတော့ ဖေဖေ့ကိုလည်း လွမ်းတယ်ဆိုတာ ပြောပေးပါဦး မေမေ”

“အေး . . . အေး အသည်းလေးလည်း ကျန်းမာချမ်းသာပြီး အလိုရှိရာ ပညာရပ်တွေကို အခက်အခဲမရှိ ချောချောမွေ့မွေ့ သင်ယူနိုင်ပါစေကွယ် ”

ဆုပေးရင်း မေမေ့အသံက အဖျားခတ်မှာ တိမ်ဝင်သွားသည် ။ ဒါကို အသည်းသိလိုက်ပြီ။ မေမေ ငိုနေပြီဆိုတာ။

"ပေးတဲ့ ဆုနဲ့ ပြည့်ပါစေ မေမေ"

ပြောပြီး ဖုန်းပိတ်လိုက်ပေမဲ့ အသည်းက ရင်၌ ပိုက်ထားမိသည် ။ ကြည့်စမ်း သူမဘဝထဲက မိဘတွေ ပျောက်ကွယ်သွားတာမျိုး မဟုတ်ဘဲ ခွဲခွာခွဲနေရတာတောင် အသည်းရင်၌ ခံစားရသော အလွမ်းဟာ ဘယ်လိုပင် အဆုံးသတ်သတ် မရခဲ့ချေ။ ရင်တစ်ခုလုံး ပြည့်သီး မို့မောက်နေအောင် ခံစားရသည် ။ ဒါကြောင့် မကြီးက မနက်စာ စားပြီးတုန်းက ပြောခဲ့တာ။

"လွမ်းတယ်ဆိုတာ ခံစားမှုနှင့် တိုက်ဆိုင်မှ ရတဲ့ အနေအထားမျိုးဟာ ၊ လိုတရနေတဲ့ နင့်ဘဝ မှာ အလွမ်းဆိုတာ ဘာမှန်း မသိမှာ စိုးလို့ ငါသင်ပေးတာ"

တဲ့ လေ။ မကြီးအကြောင်းကိုတွေးမိတော့ အသည်းမှာ မျက်ရည်တွေကြားက ပြုံးမိပြန်သည် ။ မကြီးက အသည်းအပေါ်ဆို ဘယ်အခါမှ နူးညံ့ချိုသာခြင်း မရှိစေရလို့ ကျိန်စာတိုက်ထားသလား မသိ။ တစ်အိမ်လုံးက အသည်းလေး၊ မြေးလေး၊ သမီးလေး၊ ကလေးလေးနှင့် ကြင်နာစွာ ခေါ်သလောက် မကြီးနဲ့ တွေ့မှ . . .

"အသည်း"

လို့ ခပ်ဆတ်ဆတ်နှင့် ခေါ်တတ်သည် ။ အသည်းထက် ငါးနှစ်ကြီးပေမယ့် ဘယ်တော့မှ အလျှော့ပေးလေ့ မရှိ။ စားစရာက စ၍ ကစားစရာ အဆုံး။

"ငါက အကြီး၊ ငါကြိုက်တာ ယူပြီးမှ နင်ယူ"

တဲ့ လေ။ မကြီးကျမှ ပြောင်းပြန်။ တစ်ခုခု အလိုမကျရင် အသည်း ခေါင်းကို ဒေါက်ခနဲ ခေါက် ပစ်တာနဲ့ ။ နားရွက်ကို ဖျတ်ခနဲ လိမ်ဆွဲပစ် တာနှင့် မကြီးဟာ အသည်းကို ဒဏ်ပေးရန် ခြေမြန် လက်မြန်။ ဒီဒီရှိစဉ် ကတည်းက အသည်းကို ဆုံးမဖူးသည် ။ ရှားပါးသော ဆုံးမစကား။

"ခင်က ညည်းထက် အသက်ကြီးတယ်၊ ကြီးသူကို ရိုသေတဲ့ ၊ ရိုသေရ မယ်၊ ဦးစားပေးရမယ်၊ ဒီအိမ်ကြီးမှာ ခင်ပြီးမှ ညည်းရောက်လာတာ၊ ဘ ယ်ကိစ္စမဆို နံပါတ်စဉ်အတိုင်းပဲ၊ ခင့်အဆုံး အဖြတ်မှာ ပဲ ညည်း နေရမ ယ်၊ ခင့်စကားတစ်ခွန်းဟာ ညည်းဘဝပဲ"

ဒီစကားကို အသည်းနဲ့ နှစ်ကိုယ်ကြား ပြောခဲ့တာ မဟုတ်။ မိသားစု တွေ မျက်နှာစုံညီရှိတဲ့ အချိန်မှာ ပြောခဲ့တာ။ အဲဒီကတည်းက အသည်း ဟာ အမြဲတစေ မျက်နှာတည်တည်နှင့် နေတတ် သော ဒီဒီကို ကြောက် ရွံ့ခဲ့ရတာ။ ဒါပေမဲ့ စိတ်ထဲမှာ ကျိတ်ပြီး ချစ်နေခဲ့ပါသည် ။ မေမေရော ဖေဖေက ဘာမှ ဝင်မပြောပေမဲ့ ဘွားဘွားကတော့ ဒီဒီကို သေချာစိုက်ကြည့်ကာ မနှစ်မြို့သော အပြုံးနှင့် . . .

"စကားပုံက ဒီမှာ တင် မဆုံးဘူး ဒီဒီ၊ ကြီးသူကို ရိုသေ၊ ငယ်သူကို သ နား၊ ရွယ်တူကို လေးစားတဲ့ "

"ဒီဒီ ဆုံးမနေတာကို အရိုအသေတန်အောင် မလုပ်နဲ့ မေမေ"

မေ့မရသေး။ ဒီဒီက ဝုန်းခနဲ ထရပ်ပြီး ပြောတာကိုပါ။ ထိုင်ခုံကို တောင် ခြေထောက်နဲ့ ကန်ရွှေ့ ပြီး ထရပ်တာ။ အသည်းကတော့ ကြီးပြ င်းလာတဲ့ သက်တမ်းတစ်လျှောက် မေမေ့ထံမှ အဲဒီလို အပြုအမူမျိုး မမြ င်ဘူး၍ ပါးစပ်အဟောင်းသားနှင့် ငေးမောလို့ ။ ဘွားဘွားက ခေါင်းတ ဆတ်ဆတ် ညိတ်ကာ . . .

"အေးလေ . . . ညည်း ဆုံးမနေတာ လိုအပ်နေလို့ မေမေက ပြောပြ

တာ”

ထိုစကားကို စိတ်ဆိုးသွား၍ လားမသိ။ ညနေစာတောင် ဒီဒီ ထွက်မစားတော့တာ အသည်း မှတ်မိပါသည် ။ ဘွားဘွားက ဒီဒီ့ ကွယ်ရာမှာ တော့ . . .

“ကိုယ့်ကြီးကြီး ပြောတဲ့ စကားကို နားထောင်ရမယ်နော် မြေးလေး၊ မြေးမှာ က မေမေရော ဖေဖေရော နောက်ပြီး အဘိုး အဘွား သိုက်သိုက်ဝန်းဝန်းနဲ့ ကြီးပြင်းလာခဲ့တာ၊ မကြီးကျ တော့ မွေးကတည်းက ဖအေက အနားမှာ မရှိနဲ့ ”

“မကြီးအဖေက ဘယ်သွားလို့ လဲဟင် ဘွားဘွား”

အဲဒီတုန်းက အသည်းက ငါးနှစ်သမီး။ မကြီးက ဆယ်နှစ်။ မကြီးက နားလည်သိတတ်တဲ့ အရွယ်ပေမဲ့ အသည်းကတော့ လောကကြီးကို စူးစမ်းတုန်း။ အသည်းမေးခွန်းရဲ့ အဖြေကို ဘွားဘွား က မပေးခဲ့ပါ။ မြမဟာစံအိမ်ကြီးကို ရောက်လာတုန်းကလည်း အသည်းရဲ့ ကြီးကြီး ဒီဒီနှင့် မကြီးတို့ နှစ်ယောက်တည်းလေ။ ကလေးဆိုတော့လည်း စွဲမိစွဲရာ။ မကြီးအဖေက ဘယ်ရောက်နေလဲဆိုတာပဲ ထပ်တလဲလဲတွေး။ တွေးမရတော့ မကြီးကို ဖွင့်မေးမိသည် ။ အသည်းကတော့ ရိုးရိုးသားသားစိတ် နှင့်ပင်။

“အသည်းမှာ ဖေဖေရှိတယ်၊ မကြီးရဲ့ ဖေဖေက ကျတော့ရော အသည်းတို့ အိမ်ကို လိုက်လာ မှာ လားဟင်၊ အသည်း မြင်ဖူးချင်လို့ ”

ဗန်ဒါစေ့ ထုစားနေသော မကြီးနား ကပ်ကာ မေးမိသည် ။

“အဲဒါ မြင်ဖူးချင်ဦး”

ခွပ်ခနဲ အသံသာ ကြားသည် ။ နောက်မှ နဖူးပြင်ထောင့်စွန်းက စီး

ကျလာသော ပူနွေးတဲ့ သွေးစီးကြောင်းကို လက်နဲ့ ပွတ်ဆွဲကြည့်မှ မြင်ရသည် ။ ကိုယ့်နဖူးဟာ ဇန်ဒါစေ့လောက်တောင် မမာကျော။ တစ်ချက်ထုတာနှင့် တစ်ခါကွဲတာပဲ ဖြစ်သည် ။ မကြီးကတော့ အသည်း သွေးထွက်သွား တာကို ကျေနပ်အားရသလို ကြည့်ကာ . . .

"နောက် မဆိုင်တာတွေ လာမမေးနဲ့ "

အနားမှ ထွက်သွားတော့လည်း ခပ်တည်တည်ပင်။ ကြောက်ရွံ့စိုးထိတ်ခြင်း မရှိ။ အသည်းမှာ သာ နဖူးမှ တစ်ဆင့် စီးကျနေသော သွေးတွေက ဂါဝန်ဖြူထိ ပြုတ်ကျပုံ့နှံ့ကုန်သည် ။ မေမေက အသည်းကို လိုက်ရှာ၍ တွေ့သောအခါ သွေးတွေ သုတ်ဖို့ ကြိုးစားနေသော အသည်းရဲ့ လက်တွေ အင်္ကျီတွေမှာ သွေးချင်းချင်းကို ရဲနေပြီ။ မေမေ့မှာ အသည်းအား ပြေးပွေ့ရင်း အိမ်သားတွေကို အော် ခေါ်တာ ရင်ကွဲမတတ်။ ဝိုင်းအုံလာတဲ့ အိမ်သားတွေထဲမှာ မကြီးလည်း ပါသည် ။ ဒါပေမဲ့ စိုးရိမ်ပူပင် ခြင်းကင်းသော အေးစက်စက်မျက်ဝန်းတွေနဲ့ ။

"ဘာဖြစ်တာလဲ အသည်းလေးရယ်ဟင်၊ ပြောစမ်း မေမေ့ကို၊ ဒီလောက် သွေးတွေ ထွက်ရ တာ ပြောပါ"

ဆရာဝန် ပြန်သွားတဲ့ အထိ မေမေက မေးတုန်း။ အသည်းက ရှစ်ချက်ချုပ်ရပြီး ပလာစတာ ကပ်ထားတဲ့ ဒဏ်ရာကို ဖွဖွစမ်းကြည့်ရင်း .. .

"အသည်း ချော်လဲတာ"

လို့ ဖြေကာ မျက်ဝန်းတို့ ကို မှိတ်ချထားမိသည် ။ မေမေ့ကို ဘာမှ ထပ်မမေးရန် အသံတိတ် ဆန္ဒပြခြင်းပင်။ အသည်းက အခုချိန်အထိ အမာရွတ်ကျန်ခဲ့သော နဖူးပြင်ထောင့်စွန်းအား လက်နှင့် စမ်းကြည့်ရင်း ခပ်ဖွဖွ ပြုံးမိသည် ။

မကြီးပေးတဲ့ မကြင်နာခြင်းတွေက အသည်းအတွက်တော့ နာကျင်စရာ ဖြစ်မလာတာ အံ့သြ စရာကြီးနော် မကြီး။

*